**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၇/၂၀၂၄)**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

အကြောင်းအရာ။ **အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု စာရင်း ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းအုပ်စု ၄ မျိုး (HS Code -10 Digit)ဖြင့် ကုန်စည် ၁၁၀၀ လိုင်းစာရင်းကို သွင်းကုန်လိုင်စင် ကြိုတင်ရယူရန်မလိုဘဲအကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံအတွင်းထည့်သွင်းခွင့်ပြုခြင်းကို ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၂/၂၀၂၄)ဖြင့် အသိပေးကြေညာခဲ့ပါသည်။

၂။ အထက်အပိုဒ် ၁ ဖော်ပြပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၂/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းအုပ်စု ၄ မျိုး(HS Code-10 Digit)ဖြင့် ကုန်စည် ၁၁၀၀ လိုင်းအား အကောက်ခွန်ကုန်လှောင်ရုံအတွင်းထည့်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် အထိသာ ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ယခုအခါ အောက်ဖော်ပြပါကုန်ပစ္စည်းအုပ်စု ၅ မျိုး (HS Code -10 Digit) ဖြင့် ကုန်စည် ၆၈၅ လိုင်းနှင့် CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကိုသာ အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဆေးဝါးများ | (၁၁၀) လိုင်း |
| ( ခ ) | လျှပ်စစ်သုံးယာဉ်အမျိုးမျိုး{လူစီးယာဉ်(အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ သတ်မှတ်တန်ဖိုး Standard Grade အထက်မဖြစ်ရ)၊Taxi၊ အများသုံးယာဉ်နှင့်လုပ်ငန်းသုံးယာဉ်}နှင့်ဆက်စပ်ပစ္စည်းများ | ( ၁၂ ) လိုင်း |

( ဂ )  စက်မှုကုန်ကြမ်းများနှင့်စက်မှုလုပ်ငန်းသုံးဓာတု ကုန်ကြမ်းပစ္စည်းများ  (၅၃၉) လိုင်း

(ဃ)  စားသောက်ကုန်ကြမ်းပစ္စည်းများ  ( ၂၄ ) လိုင်း

( င )  အထည်ချုပ်လုပ်ငန်း (လက်ခစားစနစ်-CMP)အတွက် တင်သွင်းသည့်ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ။

၄။ အထက်အပိုဒ် ၃ (က)၊ (ခ)၊ (ဂ)နှင့် (ဃ) ဖော်ပြပါကုန်ပစ္စည်း၄မျိုး (HS Code-10 Digit)ဖြင့် ကုန်စည် ၆၈၅လိုင်းအားအကောက်ခွန်ကုန်လှောင်ရုံအတွင်းထည့်သွင်းခွင့်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ခွင့်ပြုမည်ဖြစ်ပါသည်။CMP စနစ်ဖြင့်တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ခွင့်ပြုမည်ဖြစ်ပါသည်။

၅။ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ သတ်မှတ်ချက်အထက် တန်ဖိုးမြင့်လျှပ်စစ်သုံး လူစီးယာဉ်များအားအကောက်ခွန် ကုန်လှောင်ရုံအတွင်းထည့်သွင်းခွင့်ကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိသာခွင့်ပြုမည်ဖြစ်ပြီး ကျန် Taxi ၊ အများသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များကို ယခင်အတိုင်းဆက်လက် ထည့်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**